# LANZAROTE

Michel Houellebecq



မိုးသက်ဟန်

လန်ဇာရိုတီ

မီရှယ် ဝဲလ်ဘတ်ကို မာဒါဂါစကာ အနီးက ပြင်သစ်ကျွန်းတစ်ကျွန်းဖြစ်တဲ့ လာယူရေနီယွန်မှာ ၁၉၅၈ မှာ မွေးဖွားခဲ့ပါတယ်။ သူ့ရဲ့ တရားဝင် ဝက်ဘ်ဆိုက်မှာ သူဟာ မေ့ဆေးပညာရှင်နဲ့ တောက်တက် လမ်းပြတို့ ဖြစ်ကြတဲ့ ဘိုဟီးမီးယန်း မိဘနှစ်ပါးကနေ ပေါက်ဖွားလာခဲ့ပြီး နှစ်ယောက်စလုံးက သူ့ကိုမွေးပြီး မကြာခင်မှာ သူ တည်ရှိနေတာကို စိတ်ဝင်စားမှု မရှိတော့ဘူးလို့ ဖော်ပြထားပါတယ်။ သူ့ရဲ့ ကလေးဘဝဓာတ်ပုံ တစ်ပုံမှ မရှိပါဘူး…

***

မိုးသက်ဟန်ရဲ့ လန်ဇာရိုတီ

(၁)

လန်ဇာရိုတီ၊ လန်ဇာရိုတီ … တဲ့ လေ။

(၂)




လန်ဇာရိုတီ ဆိုတဲ့ နာမည်ကို ပထမဆုံး မြင်လိုက်၊ ကြားလိုက်ရတဲ့ အချိန်မှာ ရုတ်တရက် ဘာမှန်းမသိခဲ့ဘူး။ လူလား ... တိရစ္ဆာန်လား ... ဘာလား ... ညာလားပေါ့။ သို့သော်လည်း ခုခေတ်က နက်ခေတ် (Net)၊ ဝက်ခေတ် (Web) မဟုတ်လား။ သတင်းအချက်အလက်တွေဟာ လက်တစ်ကမ်းမှာ ရှိနေတဲ့ အတွက် တစ်မုဟုတ်ချင်းဆိုသလိုပဲ လန်ဇာရိုတီဆိုတာ အာဖရိက ကမ်းရိုးတန်းနဲ့ ၁၂၅ ကီလိုမီတာဝေးပြီး အတ္တလန္တိတ် သမုဒ္ဒရာထဲက ၈၄၅.၉ စတုရန်း ကီလိုမီတာကျယ်တဲ့ စပိန်ပိုင် ကျွန်းကလေးဆိုတာ သိလိုက်ရတယ်။ ကမ္ဘာ့ စတုတ္ထအကြီးဆုံး ကျွန်းတဲ့ ။ ဒေသိယ ဘာသာစကားနဲ့ တောင်နီလို့ အမှတ်သညာပြုထားတဲ့ ၊ မီးတောင်သေ ချော်ကျောက်တွေနဲ့ အဓိက ဖွဲ့စည်းထားတဲ့ ၊ ကျွန်းလူဦးရေ ၁၃၉,၀၀၀ ထဲက စပိန်လူမျိုး ၇၃ ရာခိုင်နှုန်းကျော် နေထိုင်တဲ့ ၊ စပိန်စကားကို အဓိကထားပြောတဲ့ ၊ ယူနက်စကိုရဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဖို့ စောင့်ကြည့်ခြင်း

ခံနေရတဲ့ ၊ ဂေဟ ခရီးသွားလုပ်ငန်းတွေ မျက်စိကျခြင်းခံရတဲ့ ကျွန်းကလေးတဲ့ ။

(၃)

ကဲ ... လန်ဇာရိုတီဟာ ကျွန်း၊ ဆိုတော့ ဘာဖြစ်တုံး။ ဘောက်မဲ့ကြောင့် ဟိုး ... လူမနီး သူမနီး သမုဒ္ဒရာထဲက ကျွန်းစုတ်တစ်ခုကို ဋီကာချဲ့နေရတာတုံး ဆိုရင်ဖြင့် ဒီကျွန်းနာမည်နဲ့ ဝတ္ထုတစ်ပုဒ် ရှိခဲ့လို့ ပါပဲ။ ဝတ္ထုလတ် ခေါ်ရမလား၊ ဝတ္ထုတို အရှည် ခေါ်ရမလား အမျိုးအမည် မခွဲခြားတတ်အောင် လုပ်လွှတ်လိုက်တဲ့ ဒီဝတ္ထု ဖန်တီးရှင်ကတော့ Michel Houellebecq တဲ့ ။

ခု ၅၇ နှစ် ရှိပြီဖြစ်တဲ့ Michel Houellebecq ကို ၁၉၅၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ မှာ မွေးတယ်။ ကဗျာဆရာ၊ အတ္ထုပ္ပတ္တိရေးဆရာ၊ စာရေးဆရာ၊ ဒါရိုက်တာ အစုံလုပ်သတဲ့ ။ ပြင်သစ်လူမျိုး၊ နောက်တော့ အိုင်ယာလန်ကို ပြောင်းသွားပြီး ခုတော့ စပိန်မှာ နေသတဲ့ ။

အနုပညာအရာများ ထူးလည်း ထူး။ ရှူးလည်း ရှူးတဲ့ ပြင်သစ်သွေးပါလို့ လား မပြောတတ်ဘူး။ Houellebecq ရဲ့ ဘဝကိုက အတော်ဆန်းတာ တွေ့ရတယ်။ အဖေက အယ်လ်ဂျီးရီးယန်းမှာ မွေးတဲ့ ပြင်သစ် ဆရာဝန်၊ အမေက စကိတ်နည်းပြ၊ တောင်တက်လမ်းပြတဲ့ ။ သူ့ကို ရီယူနီယံလို့ ခေါ်တဲ့ ပြင်သစ်ပိုင် ကျွန်းကလေးမှာ မွေးခဲ့သတဲ့ ။ ၆ နှစ်သားမှာ ပြင်သစ်က သူ့အဘွားဆီ (အဖေဘက်က) သွားနေရသတဲ့ ။ ဘာကြောင့်တုံး ဆိုတော့ သူ့အမေက ကောင်လေးတစ်ယောက်နဲ့ ဘရာဇီးကို ထွက်ပြေးပြီး လုပ်ချင်ရာ လုပ်တဲ့ ဟစ်ပီဘဝကို ခံယူသွားလို့

တဲ့ ။ စာရေးတော့ သူ့အဘွား အပျိုတုန်းက မျိုးရိုးနာမည်ကိုယူပြီး Houellebecq လို့ ပေးသတဲ့ ။



၁၉၇၅ မှာ ပြင်သစ်က စိုက်ပျိုးရေးတက္ကသိုလ်တက်ပြီး ၁၉၈၀ မှာ

ဘွဲ့ရတယ်။ မိန်းမ ရတယ်။ ကလေးတစ်ယောက် ရတယ်။ မိန်းမနဲ့ ကွဲတယ်။ စိတ်ဓာတ်တွေ အလွှားလိုက် ကျပြီး ကဗျာစရေးတယ်။ ကဗျာစာအုပ် ထုတ်တယ်။ ဆယ်ကျော်သက်တွေရဲ့ အသည်းစွဲ သရဲဝတ္ထုရေးဆရာ လဗ်ခရဗ်ရဲ့ အတ္ထုပ္ပတ္တိကို ၁၉၉၁ မှာ ထုတ်တယ်။ ၁၉၉၄ မှာ 'ဘာဖြစ်ဖြစ်'ဆိုတဲ့ ပထမဆုံး ဝတ္ထုကို ထုတ်ဝေတယ်။ ၁၉၉၈ မှာ 'အခြေခံစည်းမျည်းများ 'ဆိုတဲ့ ဒုတိယမြောက်ဝတ္ထု ထွက်လာတယ်။ ချက်ချင်းပဲ ဖြစ်တည်မှု ပဓာနဝါဒဆိုင်ရာ စံတော်ဝင် ဝတ္ထုစာရင်း ဝင်သွားခဲ့တယ်။ ဒီဝတ္ထုကြောင့် Houellebecq နဲ့ သူ့ဝတ္ထုကို အင်္ဂလိပ်ဘာသာပြန်တဲ့ Frank Wynne တို့ နှစ်ယောက် ၂၀၀၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒဗ္ဗလင်စာပေ ဆုကို ရခဲ့ကြတယ်။

(၄)

လန်ဇာရိုတီကို သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှာ ထုတ်ဝေခဲ့တယ်။ စာမျက်နှာ နည်းလွန်းလို့ ပြင်သစ်ဘာသာနဲ့ စထုတ်တော့ သူ ရိုက်ထားတဲ့ ဓာတ်ပုံတွေနဲ့ တွဲထုတ်ခဲ့ရတယ်။ ထွက်ထွက်ချင်းပဲ ဝတ္ထုထဲမှာသူ တို့ ထိထားတဲ့ အကြောင်းအရာတွေနဲ့ အရေးအသားကြောင့် ဝေဖန်သံတွေ ဆူညံပွက်လောရိုက်သွားခဲ့တယ်။ လူ့အခွင့်အရေးနဲ့ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းတွေဟာ သူ့ကို သူ့ထက်ငါ အလုအယက် တရားစွဲခဲ့ကြတယ်။ အမှုပေါင်းများ စွာ ရင်ဆိုင်ခဲ့ရတယ်။ ပါရီ တရားရုံးထိ ရောက်ခဲ့ကြတယ်။ နောက်ဆုံး Houellebecq ဟာ သူ ယုံကြည်ရာကို လွတ်လပ်စွာ ရေးသားခွင့် ရှိတယ်ဆိုတဲ့ အဆုံးအဖြတ်ကြောင့် သူ့မှာ နဘယံ - ဘေးမရှိ။

(၅)

ကြမ်းတမ်းရိုင်းစိုင်းတဲ့ အရေးအသားပိုင်ရှင်၊ ကြော်ငြာစာသား ရေးသလို ရေးတဲ့ ကောင်၊ အပြာဝတ္ထုရေးသူ စသဖြင့် တံဆိပ် အမျိုးမျိုး ကပ်ခံခဲ့ရတဲ့ Houellebecq ရဲ့ လန်ဇာရိုတီ ခု ဆရာမိုးသက်ဟန် ကျေးဇူးနဲ့ စာဖတ်သူလက်ထဲ ရောက်လို့ နေခဲ့ပြီ။ ဝေဖန်ရေးဆရာတွေ ပြောတာ မှန်သလား၊ မှားသလား ဆိုတာကိုတော့ ဖတ်ပြီးမှ ကိုယ်တိုင် ဆုံးဖြတ်ကြစေချင်ပါတယ်။ အမှာ စာရေးသူအနေနဲ့ စကားဦးသန်းပြီး ဝင်ပြောပိုင်ခွင့်လည်း မရှိဘူး မဟုတ်လား။

**သင့်လူ**